◇◇◇◇◇◇◇ နိုင်ငံခြားမိတ်ဆွေများ၏ ယူနန်အိပ်မက် ◇◇◇◇◇◇◇

# စေ့စပ်ဆွေးနွေးပွဲမှ အပြည်ပြည်ဆိုင်ရာစေတနာ့လုပ်အားပေးဝန်ထမ်းများ

**အဓိကသတင်းအချက်များ။** ။၂၀၁၇ ခုနှစ် တောင်အာရှ အရှေ့တောင်အာရှ နိုင်ငံကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု စေ့စပ်ဆွေးနွေးပွဲ (အောက်တွင် စေ့စပ်ဆွေးနွေးပွဲဟု အတိုကောက်ခေါ်ဝေါ်ပါသည်။) တွင်စေတနာ့ဝန်ထမ်း(၂၅၀၀) ကျော်ကိုဖိတ်ခေါ်ထားပါသည်။ သင်တန်းများပို့ချပြီးနောက် မေးမြန်းဖြေဆိုခြင်းနှင့် လမ်းညွှန်ခြင်း၊ အစီအစဉ်ထိန်းသိမ်းခြင်း၊ ဘာသာပြန်ခြင်း၊ အရေးပေါ်ကိစ္စရပ်များဖြေရှင်းခြင်း၊ ယဉ်ကျေးမှုပြန့်ပွားရေးစသည့်အပိုင်းကဏ္ဍများတွင် စေတနာ့ဝန်ထမ်းများက တာဝန်များကိုခွဲဝေယူဆောင်ခဲ့ကြသည်။ အဆိုပါစေတနာ့လုပ်အားပေးဝန်ထမ်းများအနက် အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်း(၁၀၈)ဦးလည်းပါဝင်သည်။ ၎င်းတို့သည် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ် စသည့်နိုင်ငံများမှ ရောက်ရှိလာကြသူများဖြစ်သည်။ ခံယူထားသောနိုင်ငံသားမတူကြသော်လည်း အဆိုပါစေ့စပ်ဆွေးနွေးကြီး၏ တူညီသော လှပသောရှုခင်းသာတစ်ရပ်ကဲ့သို့ဖြစ်ပေသည်။

## မိမိ၏ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ပေးသောအခွင့်အရေး


ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောက်ရှိလာသော Alomgir Hossainသည် ယူနန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားနေသည်မှာ (၉)လကြာပြီ။ သူသည် တရုတ်ဘာသာစကားကိုကြိုက်နှစ်သက်သောကြောင့် မိမိအတွက်တရုတ်နာမည်ထန်လုံဟုမှည့်ထားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်သောတရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာကူးလူးဆက်ဆံကြသော တရုတ်-ဘင်္ဂလားဒေ့ရှ်ကိုတွေ့မြင်ပြီး Alomgirသည် တရုတ်နိုင်ငံသို့လာလေ့လာကြည့်ရှုရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ယခုအကြိမ် စေ့စပ်ဆွေးနွေးပွဲ Alomgirသည်အခြားသောဘင်္ဂလားဒေ့ရှ်မှ လုပ်အားပေး စေတနာ့ဝန်ထမ်း(၂၄)ဦးကဲ့သို့ ခန်းမ၏ အပိုင်းကဏ္ဍဇုန်အသီးသီးတွင် ကုန်စည်များ လာရောက်ပြသသော စီးပွားရေးလုပ်ငန်းရှင်များအတွက် ဘာသာပြန် ဝန်ဆောင်မှုများ ပေးခဲ့ပါသည်။ "ကျွန်တော်သည် ဘာသာစကား(၃)မျိုးပြောဆိုတတ်သည်။ တရုတ်ဘာသာစကား၊ ဘင်္ဂလားဒေ့ရှ် ဘာသာစကားစသည်နှင့်အင်္ဂလိပ်ဘာသာစကားတို့ဖြစ်သည်။ အိန္ဒိယဘာသာစကား အနည်းငယ်လည်း ပြောတတ်သေးသည်။ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါနှင့် အိန္ဒိယနိုင်ငံများမှ လာရောက်သော စီးပွားရေးလုပ်ငန်းရှင်များ၏ ဘာသာစကား ဆက်ဆံရေး ပြဿနာများကိုဖြေရှင်းပေးနိုင်သည်။ ကျွန်တော်၏ စွမ်းဆောင်ရည်ဖြင့်လူ အများကိုကူညီပေးနိုင်ရန် လုပ်အားပေး စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ပါသည်"ဟု Alomgirက ဂုဏ်ယူစွာပြောပါသည်။

## တရုတ်နိုင်ငံကို ကမ္ဘာသိအောင်မိတ်ဆက်ပေးခြင်း

Anuသည် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော အမျိုးသားတစ်ဦးဖြစ်သည်။ ယခုလက်ရှိတွင် ကူမင်းဆေးပညာတက္ကသိုလ်တွင် ပညာသင်ကြားနေသည်။ တရုတ်နိုင်ငံ၏ လျှင်မြန်စွာတိုးတက်ခြင်းသည် နိုင်ငံခြားကျောင်းသားကျောင်းသူအများအပြားအား ဆွဲဆောင်နေသည်။ Anuလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်နေထိုင်စဉ်ကတည်းက သူသည်တရုတ်နိုင်ငံ လူမှုရေးပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ဗဟုသုတများစွာကို လေ့လာခဲ့သည်။ အဆိုပါစေ့စပ်ဆွေးနွေးပွဲ၏ နိုင်ငံခြားစေတနာ့ဝန်ထမ်းတစ်ဦးအနေဖြင့် Anuကထိုကဲ့သို့ပြောသည်။ "စေ့စပ်ဆွေးနွေးပွဲသည် ပွဲကြီးတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံပုံရိပ်များကို ဖော်ပြနိုင်သော အခွင့်အရေးကောင်းတစ်ခုဖြစ်ပါသည်။ ကျွန်တော်၏ အဓိကလုပ်ငန်းတာဝန်သည် ဘာသာပြန်ပေးခြင်းဖြစ်သည်။ မိမိတတ်ကျွမ်းသော ဘာသာစကားဖြင့် လူအများကို ကူညီပေးသည်။ တရုတ်နိုင်ငံကို ကမ္ဘာသိအောင် မိတ်ဆက်ပေးပါသည်။"

### ကျွန်တော်သည်ဘာသာစကား (၆မျိုး - ၇မျိုး)တတ်ကျွမ်းထားသည်




နီပေါနိုင်ငံမှ ရောက်ရှိလာသော Poojaသည်လည်း ကူမင်းဆေးတက္ကသိုလ်တွင် သင်ကြားနေသည်။ ယခုလက်ရှိ တရုတ်နိုင်ငံသည် နိုင်ငံခြားကျောင်းသားကျောင်းသူများ အကြိုက်နှစ်သက်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို လူသိများသည်ဟု Poojaက ယူဆပါသည်။

"ကျွန်တော်သည် အဆိုပါစေ့စပ်ဆွေးနွေးပွဲသို့ တက်ရောက်ချင်သည့် အကြောင်းအရင်းသည် ကုန်စည်များပြသသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝယ်သူများအကြားဖလှယ်မှုကို ကူညီပေးရန်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ကျွန်တော်၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသနိုင်သော အခွင့်အရေးတစ်ခုဖြစ်သည်။ ကျွန်တော်သည် ဘာသာစကား(၆မျိုး၊၇မျိုး)ကို တတ်ကျွမ်းပါသည်။ ဥပမာ- တရုတ်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကား၊ အိန္ဒိယဘာသာစကား၊ ပါကစ္စတန်ဘာသာစကား၊ ဝူစီပယ်ခေါ်စ္စတန်ဘာသာစကား၊ ရုရှားဘာသာစကား စသည်တို့ဖြစ်သည်" ထို့နောက် "စေ့စပ်ဆွေးနွေးပွဲကြီးသည် တရုတ်နိုင်ငံနှင့်အခြားသော နိုင်ငံများအတွက် အားသစ်လွင်သော ပြတင်းပေါက်တစ်ခုကို ဖွင့်လှစ်ပေးနိုင်လိမ့်မည်၊ ကုန်သွယ်ရေးဈေးကွက်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာအကြား ဖလှယ်ရေးများကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။"ဟု Poojaက ဆက်လက် ပြောဆိုပါသည်။

**သတင်းထောက် - လီဟိန်ချမ်**

◇◇◇◇◇◇◇ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး ◇◇◇◇◇◇◇

# ယူနန်ပြည်နယ်တွင်သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းမွေးမြူရေးဌာနမှ တိရစ္ဆာန် (၂၆၆) ကောင်ကို သဘာဝသစ်တောထဲသို့ဘေးမဲ့ပြန်လွှတ်ခြင်း

လတ်တလောရက်ပိုင်းတွင် ယူနန်ပြည်နယ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းမွေးမြူရေးစင်တာမှ ယူနန်ပြည်နယ်သဘာဝဘေးမဲ့တောဥယျာဉ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ ထိန်းသိမ်းမွေးမြူထားသော သဘာဝတောရိုင်းတိရစ္ဆာန်များ ဘေးမဲ့ပြန်လွှတ်ပေးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝတောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဥပဒေကြော်ငြာခြင်း အစီအစဉ်ကို ကျင်းပခဲ့သည်။ တိရစ္ဆာန်(၂၆၆)ကောင်ကို သဘာဝသစ်တောထဲသို့ ဘေးမဲ့ပြန်လွှတ်ပေးခဲ့သည်။




စုံစမ်းလေ့လာခြင်းမှသိရသည်မှာ- ယခုအကြိမ် သဘာဝပတ်ဝန်းကျင်သစ်တောထဲသို့ ဘေးမဲ့ပြန်လွှတ်ပေးမည့် တိရစ္ဆာန်များကို ကယ်ဆယ်ရေးစင်တာမှ သီးခြားအကဲခတ်ခြင်း၊ အထူးဂရုပြု ကယ်ဆယ်ခြင်း၊ သိပ္ပံနည်းစနစ်ဖြင့်ကျွေးမွေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် အကျင့်သားရအောင် လေ့ကျင့်ပေးခြင်းများကို ပြုလုပ်ပေးသည်။ အဆိုပါ တိရစ္ဆာန်များကျန်းမာရေး အခြေအနေ၊ နေထိုင်မှုစသည့် အပိုင်းကဏ္ဍများသည် သဘာဝပတ်ဝန်းကျင်ထဲတွင် ကောင်းမွန်စွာ နေထိုင်နိုင်သည်ဟု တိရစ္ဆာန်ဆရာဝန်ပညာရှင်များကလည်း သုံးသပ်သည်။ သဘာဝပတ်ဝန်းကျင်ထဲသို့ ဘေးမဲ့ပြန်လွှတ်ပေးမည့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်မှုပတ်ဝန်းကျင်၊ ပျံ့နှံ့ပုံများနှင့် တိရစ္ဆာန်ထိန်းသိမ်းမွေးမြူရေးဌာန၏ မှတ်တမ်းများကို ပေါင်းစပ်ကာ ယူနန်သဘာဝ တောရိုင်းတိရစ္ဆာန် ဥယျာဉ်နှင့် ဖူအော်ထိုက်ရန်ဟော် နိုင်ငံတော်အဆင့် သစ်တောဥယျာဉ်ထဲသို့ နှစ်သုတ်ခွဲကာ ဘေးမဲ့လွှတ်မည်ဖြစ်သည်။

သစ်တောထဲသို့စေလွှတ်ပြီးနောက် ယူနန်ပြည်နယ် သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်း မွေးမြူကယ်ဆယ်ရေးစင်တာ၊ ယူနန်ပြည်နယ် သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်နှင့် ထိုက်ရန်ဟော် နိုင်ငံတော်အဆင့် သစ်တောဥယျာဉ်မှ နည်းပညာရှင်များသည် ဘေးမဲ့လွှတ်ပေးလိုက်မည့် တိရစ္ဆာန်များကို နောက်လိုက် ထောက်လှမ်းခြင်းများပြုလုပ်ပါမည်။ ဘေးမဲ့လွှတ်ပေးခဲ့သော တိရစ္ဆာန်များ၏ နေထိုင်မှုပုံရိပ်များ၊ ရွှေ့ပြောင်း နေထိုင်မှုလမ်းကြောင်းများနှင့် နေထိုင်မှုအခြေအနေများကို လေ့လာကြမည်။ သဘာဝတောရိုင်းတိရစ္ဆာန် ဘေးမဲ့လွှတ်ပြီး ရှင်သန်မှုနှုန်းကိုလေ့လာခြင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်သော အကြောင်းများအတွက် သိပ္ပံနည်းကျသော သက်သေအထောက်အထားများကို လေ့လာကြမည်။